# သင်နှင့်ပါတ်သက်နေသော ကမ္ဘာမိုးမြေစကြာဝဠာကို ဖန်ဆင်းအုပ်ချုပ်တော်မူ သင့်ကိုကယ်တင်သည့် ဘုရားသခင်။

မိတ်ဆွေ...
သင်သည်အောက်ပါအကြောင်းရာများကိုဖတ်ရှုလေ့လာပါကသင့်ဘဝအတွက်အဖိုးမဖြတ်နိုင်သောပြည့်စုံသည့်အဖြေတခုကိုရရှိနိုင်ပါလိမ့်မည်။ခရစ်ယာန်ဘာသာသည်ကျနုပ်တို့တိုင်းပြည်မှ ထွက်သောဘာသာတခုမဟုတ်။ နိုင်ငံခြားမှ လာသော ဘာသာဖြစ်သောကြောင့်သင်လက်မခံနိုင်ဟု ငြင်းပယ်ကောင်းငြင်းပယ်ပါလိမ့်မည်။ သို့သော် သင်တို့လက်ရှိကိုးကွယ်နေသောဘာသာပင်လျှင် နိုင်ငံခြားမှဝင် ရောက်လာခဲ့သောဘာသာတခုဖြစ်နေကြောင်းသင်သတိမူပါ။

<u>ဖန်ဆင်းရှင်ဘုရားအားအသိမှတ်ပြုပါ</u>

၁။ လူ့လောကအတွက်အရာရာတိုင်းသည် ပြုလုပ်သူ (ဖန်ဆင်းရှင်)ရှိမှဖြစ်ပေါ်လာနိုင်သည်၊ ဘုရားရှင်သည်အရာအားလုံးကိုဖန်ဆင်းခဲ့သည်။

(က)ပြုလုပ်သူ မရှိဘဲ နာရီ။ စက္ကူ။ ဘောပင်။ အကျီ။ကက်ဆက်။ပန်ကာစသည့်တို့မည်သို့ဖြစ်ပေါ်လာနိုင်မည်နည်း။

(ခ)ပြုလုပ်သူ(ဖန်ဆင်းရှင်ဘုရား)မရှိဘဲကမ္ဘာကြီး။ ကြယ် ။လ ။လူ။ တိရိစ္ဆာန်။ ရာသီဥတု။ သစ်ပင် စသည့်တို့မည်သို့ဖြစ်ပေါ်လာနိုင်မည်နည်း။

၂။ လူသည်ဖန်ဆင်းရှင်ဘုရားအားအသိမှတ်ပြုရမည့်ဝတ္တရားရှိသည်။

(က)လူသည် မိမိမပြုလုပ်ထားသောဆွဲငင်အားရှိသည့်ကမ္ဘာမြေပေါ်တွင်နေထိုင်နေရသည့်ပြင်။မိမိမပြုလုပ်ထားသော နေ့အလင်းရောင်ကို အမှီ သဟဲ ပြုနေရခြင်း။ ရှူရှိုက်ရခြင်း။ ရာသီဥတုများကို အမှီသဟဲပြုနေရခြင်းစသည့်တို့ကြောင့်ထိုအရာများကို ပြုလုပ် ဖန်ဆင်းပေးထားသူ ဘုရားအားအသိမှတ်ပြုကိုးကွယ်ရမည့်မွေးရာပါဝတ္တရားရှိနေသည။

(ခ)သင်သည်ထိုဝတ္တရားကိုပျက်ကွက်နေသူဖြစ်ပါကယခုချက်ခြင်းပင် ထိုဖန်ဆင်းရှင် ဘုရားကိုအသိမှတ် ပြုပါ။

## ဖန်ဆင်းရှင်ဘုရား.ချစ်ခြင်းမေတ္တာ

၃။ ဖန်ဆင်းရှင်ဘုရားသခင်သည်လူသားတို့ကိုအလွန်ချစ်မြတ်နိုးတော်မူသည်။

(က)သင်မွေးမြူထားသော တိရိစ္ဆာန်။ သင်စိုက်ပျိုးထားသော သစ်ပင်။ ပန်းပင်များကိုသင်သံယောဇဉ်ရှိသည်ကိုအမှတ်ရပါ။

(ခ)ဘုရားရှင်သည်သူဖန်ဆင်းထားခဲ့သောသင်နှင့်ကျနုပ်တို့.လူသားအားလုံးကိုနောင်.ဘဝ သူ.ထာဝရ နိုင်ငံတော်တွင် ပျော်ရွှင်စွာအသက်ရှင်စေလိုသည်။

## လူသားတို့.အပြစ်များ

၄။ လူသားတိုင်း အပြစ်ရှိကြ၍ တမလွန်.အပြစ်ဒါဏ်စီရင်ခံရမည့်အပြင် နောင်.ဘဝဘုရားရှင်နိုင်ငံပျော်ရွှင်စွာ အသက်ရှင်ရမည့်အခွင့်ကိုပါလက်လွတ်ဆုံးရှုံးကြရသည်။

(က)ဖန်ဆင်းရှင်ဘုရားကိုလက်မခံ။ အသိမှတ်မပြုခြင်းသည် လူသားတို့. ပထမအပြစ်ဖြစ်သည်။

(ခ)လူ လူခြင်း စိတ်။ နှုတ်။ အကျင့်တို့ဖြင့်မှားယွင်းခြင်းသည် ဒုတိယအပြစ်ဖြစ်သည။

(ဂ)အထက်ပါအချက် ၂ချက်ဖြင့် မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ပါကသင်သည်အပြစ်သားဖြစ်ကြောင်း ထင်ရှားစွာတွေ့ရပေလိမ့်မည်။

## <u>အပြစ်မှလွတ်ငြိမ်းချမ်းသာခွင့်(ကယ်တင်ခြင်း)</u>

၅။ ဖန်ဆင်းရှင်ဘုရားသခင်သည်လူသားတို့အပြစ်များကိုလွတ်စေရန် သူ့သားတော် ယေရှုခရစ်ကိုလူ့လောကသို့ စေလွှတ်ကယ်တင်စေခဲ့သည်၊ (ပြစ်မှုကျူးလွန်သူများကို အာဏာပိုင်များဂရုဏာသက်သည့် အခါအပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးတတ်သည်ကိုသတိမူပါ)

(က)ယေရှုခရစ်သည် လူသားအဖြစ် ခံယူတော်မူ၍ လက်ဝါးကားတိုင် အသေခံပေးခြင်းဖြင့်လူသားတို့အပြစ်များကိုဆပ်ဖြေပေးခဲ့သည်။

(ခ)ယေရှုခရစ်သည် သေလွန်၍ ၃ရက်အကြာတွင် ရှင်ပြန်ထမြောက်ခြင်းအားဖြင့်သူကယ်တင်ခြင်းကိုလက်ခံသူများ သေလွန်ပြီး တနေ့တွင် ရှင်ပြန် ထမြောက်၍ ထာဝရအသက်ကို ဝင်စားနိုင်ကြောင်း ကိုယ်တိုင်ပြသ သက်သေထူသွားခဲ့သည်။

## <u>သင်ရယူခံစားနိုင်ခွင့်ရှိသော ဘုရားရှင်ကယ်တင်ခြင်း</u>

၆။ သင်သည်ဖန်ဆင်းရှင်ဘုရား.ကယ်တင်ခြင်းကိုအောက်ပါနည်းလမ်းအတိုင်းရယူခံစားနိုင်သည်။

(က)ကမ္ဘာ မိုးမြေ စကြဝဠာမှအစ အရာအားလုံးကို ဖန်ဆင်းသော ဖန်ဆင်းရှင်ဘုရားကိုအသိမှတ်ပြုပါ။

(ခ)သင်အပါဝင် ကမ္ဘာပေါ်ရှိ လူသားအားလုံး

သည် အပြစ်ရှိသူများဖြစ်ကြောင်းအသိမှတ်ပြုဝန်ခံပါ။

(ဂ)သင်နှင့် ကျနုပ်တို့လူသား အားလုံး ကျူးလွန်မိသော အပြစ်များကိုဆပ်ဖြေရန်လက်ဝါးကားတိုင်အသေခံ ၃ရက် အကြာတွင် ရှင်ပြန်ခဲ့သူ ဘုရားသခင့်သားတော် ယေရှုခရစ် ကယ်တင်ပေးမှုကို အသိမှတ် ပြုဝန်ခံပါ။

၇။ ထိုကယ်တင်ခြင်းကိုသင်လက်ခံယုံကြည်ပါကကမ္ဘာမိုးမြေစကြဝဠာကိုဖန်ဆင်းသော ဘုရားရှင်သားသမီးအဖြစ်ကို သင်ရရှိမည့်အပြင်များပြားလှသောကောင်းချည်းမင်္ဂလာများနှင့်တကွ အောက်ပါအခြေခံအကျိုးကျေးဇူး ၂ခုကို မလွဲ ဧကန်မုချရရှိမည်ဖြစ်သည်။ ၎င်းတို့မှာ

(က)သင် ကျူးလွန်မိသောအပြစ်များအတွက် အပါယ် မလားတော့ဘဲ နောင်ဘဝ ဘုရားသခင့် ထာဝရအသက်ရှင်သည့် ပျော်ရွှင်သော နိုင်ငံတော်သို့ဝင်စားအသက်ရှင်ခွင့်ရမည်။

(ခ)ယခုဘဝတွင်လဲပျော်ရွှင်ငြိမ်သက်ခွင့်ကိုရရှိမည်။